ချမ်းမြေ့ဝင်း ဘာသာပြန်သည်။

# သုခမြေပုံ



မပျော်တတ်သူတစ်ယောက်
ပျော်ရွှင်ခြင်းကို
ကမ္ဘာပတ်ပြီး လိုက်ရှာတဲ့အခါ

**Eric Weiner's**
**The Geography of Bliss**

# ဘာသာပြန်သူ၏ အမှာ

ကျွန်တော်က ခရီးထွက်ရတာကို သဘောကျတဲ့ သူ မဟုတ်ပါ။ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ အခန်းထဲမှာ ရုပ်ရှင်ကြည့်ရင်း၊ စာအုပ်ဖတ်ရင်းအချိန်ကုန်တာများ ပါတယ်။ ဒါပေမဲ့ မိဘတွေက အစိုးရဝန်ထမ်းတွေ ဖြစ်တဲ့ အတွက် ငယ်ငယ်ကတည်းက မြို့ ပေါ င်း စုံ မှာ နေခဲ့၊ ကြီးပြင်းခဲ့ရတယ်။ နေရာဒေသပေါင်းစုံရဲ့ အငွေ့အသက်တွေ ပုံရိပ်တွေ ကျွန်တော့်ခေါင်းထဲမှာ မထင်မရှားကျန်နေသေးတယ်။ မမှတ်မိတော့တဲ့ သူတွေ၊ မေ့ပျောက်သွားတဲ့ သူငယ်ချင်းတွေလည်း အများကြီးပါပဲ။

ကျွန်တော် ရန်ကုန်ကိုပြောင်းလာတာ နှစ် ၂၀ တောင်ပြည့်တော့မယ်။ မြို့ ကြီး ပြ ကြီး မှာ နေရင်း အတိတ်က အမှတ်တရတွေလည်း တဖြည်းဖြည်း ပါးကုန်ပါပြီ။ အရင်တုန်းက နေခဲ့တဲ့ နေရာတွေမှာ ကျွန်တော် ပျော်ခဲ့သလား၊ မပျော်ခဲ့ဘူးလား ဆိုတာတောင် သေချာမမှတ်မိတော့။

ဇနီးဖြစ်သူက The Geography of Bliss စာအုပ်ကို ဘာသာပြန်ဖို့ အကြံပေးတော့ ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွားတယ်။ ကျွန်တော့်လို ခရီးသွားရတာ ဝါသနာမပါတဲ့ သူတစ်ယောက်အနေနဲ့ ခရီးသွားမှတ်တမ်းလိုဖြစ်နေတဲ့ ဒီစာအုပ်ကိုအဆင်ပြေအောင် ဘာသာပြန်နိုင်ပါ့မလား။

ကျွန်တော် စာအုပ်ကို ဖတ်ကြည့်တယ်။ ခရီးသွားမှတ်တမ်းသက်သက်မဟုတ်ဘဲ နေရာဒေသတွေနဲ့ ပျော်ရွှင်ခြင်းဆိုတဲ့ အရာရဲ့ ကြားက ဆက်နွှယ်မှုကို လိုက်ရှာတဲ့ မှတ်တမ်းတစ်ခု ဖြစ်နေတယ်။ ဖတ်လို့ ကောင်းတယ်၊ သွက်တယ် ။ မူရင်းစာရေးဆရာ အဲရစ်ဝိုင်နာဟာ ပျော်တတ်တဲ့ သူ မဟုတ်ဘူး ။ အလကားနေရင်း စိတ်ညစ်၊ စိတ်တို၊ စိတ်ပူနေတတ်သူ။ ဒီတော့ သူ့အတွေ့အကြုံတွေဟာ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းလာတယ်။ ကျွန်တော် ဘာသာပြန်သူကိုယ်တိုင်လည်း သိပ်မပျော်တတ်ပါ။ ခရီးသွားရတာလည်း ဝါသနာမပါပါ။ ဒါပေမဲ့ ပျော်ရွှင်ခြင်းရဲ့ လျှို့ဝှက်ချက်တွေကိုတော့ ကျွန်တော် သိချင်တယ်။ စာဖတ်သူတွေကိုလည်း သိစေချင်တယ်။

မူရင်းစာအုပ်ဟာ ၂၀၀၈ခုနှစ်လောက်တုန်းက ထွက်ခဲ့တာဖြစ်တဲ့ အတွက် တချို့အချက်အလက်တွေ မှားယွင်းနေတာ၊ ခေတ်နောက်ကျနေတာ ရှိနိုင်ပါတယ်။ ဒါတွေကို အခုခေတ်နဲ့ ညီအောင် ကျွန်တော်မပြင်တော့ပါ။ မူရင်းစာရေးဆရာရဲ့ အတွေ့အကြုံပုံရိပ်တွေကို သူ့ခေတ်သူ့အခါအတိုင်း မြင်ရဖတ်ရတာ အကောင်းဆုံးဖြစ်လိမ့်မည်လို့ ယူဆလို့ မပြင်တော့တာပါ။

သုခမြေပုံ စာအုပ်ထဲမှာ အခန်း၁၀ခန်းပါပါတယ်။ နိုင်ငံ၁၀ခုရဲ့ အကြောင်းဖတ်ရပါလိမ့်မယ်။ အစီအစဉ်အလိုက်ဖတ်ရင်တော့ အကောင်းဆုံးပါ။ ဒါပေမဲ့ ကိုယ်စိတ်ဝင်စားတဲ့ နိုင်ငံအကြောင်းပဲ ဖတ်ချင်ရင်လည်း ကျော်ဖတ်နိုင်ပါတယ်။ ပြဿနာမရှိပါ။

စာအုပ်ဖတ်ပြီးသွားတဲ့ အခါ ပျော်ရွှင်မှုအကြောင်း တစ်ပိုင်းတစ်စ ပိုနားလည်သွားမလား ၊ နိုင်ငံတွေ၊ ယဉ်ကျေးမှုတွေအကြောင်း

နည်းနည်းလေး ပိုသိသွားမလား၊ ဒါမှ မဟုတ် ... ဘာမှ မရလိုက်ဘဲ ပျင်းစရာခရီးတစ်ခုသွားလိုက်ရသလို ငြီးငွေ့သွားမလား ဆိုတာတော့ ကျွန်တော်လည်း မသိပါ။ ဘယ်လိုပဲဖြစ်ဖြစ် စာဖတ်သူ အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်။

ကျေးဇူးပါ။

**ချမ်းမြေ့ဝင်း**

***